ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နယုန်လကွယ်၊ သောကြာနေ့ (11-6-2010) (၆၄၂၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁၀

၂၀၁၀ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် ကာဗာကို ဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁၀

၂၀၁၀ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီ သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး ဆိုကရေတီး ကာဗဲလ်ဟိုပင်တို ဒီဆူဇာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ဆေးရုံကို အကျိုးရှိရှိအသုံးချ ပညာရည်ပြည့်ဝပြီး ကျန်းမာသန်စွမ်းကြံ့ခိုင်သော လူငယ်များနှင့် ပြည်သူများဖြစ်အောင် ဆောင်ရွက်

နေပြည်တော်   ဇွန်   ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျင်းပသည့် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း (ဖျောက်ဆိပ်ပင် စက်ရုံစုနယ်မြေ)ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။(အပေါ်ပုံ) (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မှန်ကြေးမုံ The Mirror

၁၁-၆-၂၀၁၀
(သောကြာနေ့)

ရေယာဉ်များ အန္တရာယ်ကင်းရေး သတိပြုမောင်းနှင်

မုတ်သုံရာသီအစ မိုးဦးကာလသို့ရောက်ရှိပြီ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်နိုင်သည်။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုလာနိုင်ကြောင်း သိရသည်။

ဇွန်၊ ဇူလိုင်လများသည် မိုးဦးမိုးကောင်းသော လများဖြစ်ရာ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာတတ်သဖြင့် ယင်းလမ်းကြောင်းများကို ရှောင်ကြဉ်မောင်းနှင်ကြရပေမည်။ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ရေလမ်းညွှန် အမှတ်အသား သတိပေးနှိုးဆော်ချက်များနှင့်အညီ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလတွင် ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်မောင်းနှင်ကြရန် လိုအပ်သည်။ မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများ ရေမြုပ်လျက်ရှိရာ အစိမ်းရောင်အမှတ်အသားပြ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများမှသာ ဝင်ရောက်ရမည်ဖြစ်သည်။ တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း အပြိုင်ခုတ်မောင်းခြင်း၊ တံတားကြီးများအား တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းတို့သည် အန္တရာယ်ဖြစ်စေနိုင်သည်ကို အထူးသတိပြုကြရမည် ဖြစ်သည်။

ထို့အပြင် ရေကြောင်းသွားခရီးသည်များ လုံခြုံစေရေး အစီအမံများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ထားကြရပေမည်။ အထူးသဖြင့် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်များတွင် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောင်၊ အသက်ကယ်ဘောကွင်း စသည့် ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည့်ပြည့်စုံစုံ ထည့်သွင်းယူဆောင်ကြရမည်ဖြစ်သည်။ ရေယာဉ်တိုင်း စက်ပိုင်းဆိုင်ရာကောင်းမွန်ရေး၊ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ရေး၊ ဝန်ထမ်းပြည့်စုံမှုရှိရေးတို့ကိုလည်း အထူးဂရုပြုလိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

သင်္ဘောများခုတ်မောင်းနေစဉ် မိုးကာကြီးများချထားခြင်း၊ သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းတို့သည် ရုတ်တရက် လေပြင်းဆောင့်၍ တိုက်ခတ်ပါက တိမ်းမှောက်နိုင်သဖြင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင် အသိပညာပေးနှိုးဆော်မှုများ ပြုလုပ်နေကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ရေကြောင်းပို့ဆောင်ရေးဌာနဆိုင်ရာများ၊ ရေကြောင်းပို့ဆောင်ရေးရေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များအား သတ်မှတ်စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊ ရေလမ်းသတိပေး နှိုးဆော်ချက်များအတိုင်း ဂရုပြုလိုက်နာမောင်းနှင်ကြခြင်းတို့ဖြင့် ရေကြောင်းသွားခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ မီးသတ်စခန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝင်းသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ ရက်မှ ၈ ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးသည် ဇွန် ၅ ရက်တွင် သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများဖြစ်သည့် သိန်းနီနှင့် လောက်ကိုင်မြို့များသို့ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်း ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး သိန်းနီနှင့် လောက်ကိုင် မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ ပေးအပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် နှစ်ဦးတို့က လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် မီးသတ်စခန်း၌ တည်ဆောက်မည့် နှစ်ခန်းတွဲ၊ နှစ်ထပ် ဝန်ထမ်းနေအိမ်မြေနေရာကို ပန္နက်ရိုက်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဝန်ကြီးသည် ဇွန် ၆ ရက်တွင် နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နမ့်ဆန်မြို့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် နမ့်ဆန်မြို့ မီးသတ်စခန်းသို့ရောက်ရှိပြီး အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ မီးသတ်ယာဉ်/စက်ကြံ့ခိုင်ရေးနှင့် တပ်ဖွဲ့ဝင်များအား တာဝန်ခွဲဝေချထားမှုကို စစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝန်ကြီးသည် ဇွန် ၇ ရက်တွင် မန်တုံမြို့ ကျောင်းခန်းမသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်နှင့် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မန်တုံမြို့အတွက် မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် နမ္မတူမြို့၌ အသစ်တည်ဆောက်မည့် မီးသတ်စခန်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပန္နက်တင်ကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ဝန်ကြီးက နမ္မတူမြို့အတွက် မီးသတ်ယာဉ်၊ မီးသတ်စက်နှင့် မီးသတ်ပစ္စည်း ကိရိယာများ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်ဝေနှင့် မြို့မိမြို့ဖတစ်ဦးတို့က လက်ခံကြသည်။

ထို့နောက် ကျောက်မဲမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပန္နက်တင်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အသစ်တည်ဆောက်မည့် အဆောက်အအုံ မြေနေရာကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ကျောင်းအဆောက်အအုံ အခြေအနေနှင့် အသစ်တည်ဆောက်မည့် ကျောင်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများဖြစ်သည့် သိန်းနီနှင့် လောက်ကိုင်မြို့ မီးသတ်စခန်းများအတွက် မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်စဉ်။

(မီးသတ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး အိမ်တွင်းမှု(မြိတ်)ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းမြင့်သည် ဇွန် ၄ရက်တွင် မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျောင်းအုပ်နှင့် ဆရာမများ၊ သင်တန်းသူများအားတွေ့ဆုံပြီး **(ဝဲပုံ)** သင်တန်းခန်းမ၊ သင်တန်းကုန်ထုတ်လုပ်မှု လုပ်ငန်းထွက် ပစ္စည်းများ၊ သင်တန်းသူများ အိပ်ဆောင်နှင့် သီးနှံစားပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇွန် ၇ ရက်က ညောင်လေးပင် မြို့မဈေးကြီးအတွင်း သွယ်တန်းတပ်ဆင်ထားသည့် ဝါယာကြိုးများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ ဆွေးမြည့်ပေါက်ပြဲခြင်း၊ ကျိုးပဲ့ပျက်စီးနေခြင်းများ ရှိ၊ မရှိကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

လူငယ်နှင့် စွန့်ဦးတီထွင်မှု ဟောပြောပွဲကို မေ ၂၇ရက်က စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း(ဒီ)ရှိ PS Business School ၌ ကျင်းပရာ ဆရာဦးရဲမြင့်(စွန့်ဦးတီထွင်)က လူငယ်နှင့် စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(ကြေးမုံ)

မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ကြံခင်း ဇွန် ၁၀

ကြံခင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကား ပြောကြား၍ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ လှူဒါန်းထောက်ပံ့ငွေကျပ် ၃၆၁၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၁၀၃ ဒါဇင်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ အခြေခံပညာဦးစီးဌာနမှ ပေးပို့လှူဒါန်းသော ပြဋ္ဌာန်းကျောင်းသုံး ပုံနှိပ်စာအုပ်အစုံ ၁၀၀၀ နှင့် ဗလာစာအုပ် ၂၃၆ ဒါဇင်ကိုလည်းကောင်း၊ မြို့နယ်ပညာရေးဝန်ထမ်းများ စုပေါင်းလှူဒါန်းသော သူငယ်တန်းဖတ်စာအုပ်များကိုလည်းကောင်း မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ (ကြေးမုံ)

ရေစကြိုမြို့နယ်အတွင်း သောက်သုံးရေများ ဖြန့်ဝေ

ရေစကြို ဇွန် ၁၀

မကွေးတိုင်း ရေစကြိုမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စေတနာအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေ ပေးလျက်ရှိရာ မေလအတွင်း ကျေးရွာ ပေါင်း ၂၀သို့ ရေဂါလန်ပေါင်း ၇၄၀၀၀ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၃၇၄)

ဥတုရာသီ တောကိုမှီ၏

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်းရှိ တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖျောက်ဆိပ်ပင်စက်ရုံစုနယ်မြေရှိ စက်ရုံများမှဝန်ထမ်းများ၊ ကျောက်ဆည်ရောမောင်ဆင်အကအဖွဲ့၊ ပန်းဖွားနှင့်ဘင်ခရာအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးတို့က ဆေးရုံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်းရှိ အမျိုးသားလူနာကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အမျိုးသမီးလူနာကုသဆောင်နှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်(ချောင်းဆုံဒေသ)၌ တည်ရှိပြီး ဆေးရုံပင်မအဆောက်အအုံမှာ ပေ ၁၆၀×၆၀ ကျယ်ဝန်းပြီး အမျိုးသားလူနာကုသဆောင်နှင့် အမျိုးသမီးလူနာကုသဆောင်၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါဝင်သည်။ ဆေးရုံတွင် တာဝန်ခံဆရာဝန်အိမ်၊ လက်ထောက်ဆရာဝန်အိမ်၊ သူနာပြုခြောက်ခန်းတွဲ နေအိမ်တို့ပါဝင်ပြီး ချမ်းဟိန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ဘုရားကန်တော့ခန်း၊ ဓာတုလက်တွေ့ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ Audio Visual ခန်းနှင့် Computer Room တို့အတွင်း ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားကျင်းပ

ယင်းနောက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စံပယ်ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျောက်ဆည်ခရိုင် စက်ရုံစုနယ်မြေရှိ စက်ရုံဝန်ထမ်းများနှင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် (၂၅)ခုတင်ဆံ့ ဆေးရုံတည်ဆောက်ရန်နှင့် နယ်မြေခံလူထု၏သားသမီးများ လွယ်လင့်တကူ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် လမ်းညွှန်မှာကြားချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အကောင်အထည် ပေါ်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ထားရှိသောစေတနာနှင့် ရည်မှန်းချက်အတိုင်း အနာဂတ်ကို စိုးပိုင်သည့် လူငယ်များအား ပညာရည်မြင့်မားသော လူငယ်များဖြစ်အောင် ဖွင့်လှစ်ပေးသော ကျောင်းကိုအသုံးပြုပြီး မိဘ၊ဆရာတို့ပူးပေါင်းကာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များအပါအဝင် ပြည်သူအားလုံး ကျန်းမာသန့်စွမ်းသော လူထုဖြစ်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွင့်လှစ်စေခဲ့သော ဆေးရုံကို အကျိုးရှိရှိအသုံးချကာ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာသန့်စွမ်းသော ပြည်သူများဖြစ်အောင် စောင့်ရှောက်ပေးရန်လိုကြောင်း ပြောကြားပြီး တိုင်းပြည်တွင် ပညာရည်ပြည့်ဝပြီး ကျန်းမာသန့်စွမ်းကြံ့ခိုင်သော လူငယ်များနှင့် ပြည်သူများဖြစ်အောင် ဆောင်ရွက်ကြရန် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီးက (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် စက်ရုံမှူးကြီးက ပြည်သူ့ဆေးရုံ (ဖျောက်ဆိပ်ပင်စက်ရုံစုနယ်မြေ)နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်တို့ကို ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ထုတ်လုပ်သည့် နေမီးအိမ်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသည် ပင်မအဆောက်အအုံမှာ ၄၉၆ ပေ × ပေ ၂၀၀ ကျယ်ဝန်းပြီး ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာ၊ ဆရာမဆောင် လေးခန်းတွဲတို့ ပါဝင်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်းရှိ တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံသို့ သွားရောက်ပြီး ရှစ်နာရီတွင် အိတ်ငါးသောင်း ထုတ်လုပ်နိုင်သည့် စက်ကြီးများဖြင့် စက္ကူပါ ဘိလပ်မြေအိတ်ခွံများ အဆင့်ဆင့် ထုတ်လုပ်နေမှုကို လည်းကောင်း၊ ကော်ရည်လောင်းစက်ဖြင့် ပီနံအိတ်အစများကို ကော်ရည်လောင်းနေမှုအား လည်းကောင်း၊ ချည်လုံးထုတ်စက်ကြီးများဖြင့် ချည်လုံးထုတ်နေမှု၊ ရက်ကန်းစက်ကြီးများဖြင့် ပီနံအိတ်အစများရက်လုပ်နေမှု၊ ထုတ်လုပ်ပြီး ပီနံအိတ်များသိုလှောင်ထားရှိမှု၊ ပြင်ပလုပ်ငန်းများသို့ ရောင်းချရန်အတွက် အိတ်များထုတ်လုပ်နေမှုနှင့် နမူနာအိတ်များ ထုတ်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ ထုပ်ပိုးဌာနများ၌ ထုပ်ပိုးစက်ကြီးများဖြင့် ဘိလပ်မြေများကို အိတ်ခွံများအတွင်း ထည့်သွင်းနေမှု၊ ထည့်သွင်းထုပ်ပိုးပြီး ဘိလပ်မြေအိတ်များကို စနစ်တကျသိုလှောင်ထားရှိမှုနှင့် ဘိလပ်မြေအိတ်များ အလေးချိန်ပြည့်မပြည့် ကတ္တားဖြင့် အလေးချိန်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား အရည်အသွေးပြည့်မီစေရေးနှင့် အလေးချိန်မှန်ကန်စေရန်အတွက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားကျင်းပ

ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင် သား၊ သမီးများအား စာရေးကိရိယာနှင့် ပညာသင်စရိတ်ပေးအပ်

ရန်ကုန်　　ဇွန်　　၁၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ တပ်ဖွဲ့ဝင် သား၊ သမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်တွင် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းခိုင်က အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိကြသည့် တပ်ဖွဲ့ဝင်သား၊ သမီး စုစုပေါင်း ၈၆ ဦးအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့သည်။ အလားတူ မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်သား၊ သမီးများအား စာရေးကိရိယာနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်တွင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တပ်ဖွဲ့ဝင် သား၊ သမီး ၂၈ဦးတို့အတွက် စာရေးကိရိယာနှင့် ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာကာသစခန်းမှ လွှတ်တင်ခဲ့ပြီး ၁၃၇စက္ကန့်အကြာ တောင်ကိုရီးယားဒုံးပျံ လေထုထဲ၌ ပေါက်ကွဲခဲ့ဖွယ်ရှိ

ဆိုးလ် ဇွန် ၁၀

ကြာသပတေးနေ့ စောစောပိုင်းက ပစ်လွှတ်ခဲ့သော ရာသီဥတုလေ့လာရေး ဂြိုဟ်တု တစ်စင်းကို သယ်ဆောင်သွားသည့် တောင်ကိုရီးယားနိုင်ငံ၏ နာရိုဒုံးပျံသည် ပစ်လွှတ်ပြီး ၁၃၇ စက္ကန့်အကြာတွင် ပေါက်ကွဲပျက်စီးခဲ့ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

စတင်ပစ်လွှတ်ခဲ့သည့်အချိန်တွင် နာရိုဒုံးပျံကို ပုံမှန်အတိုင်းထိန်းချုပ်နိုင်ခဲ့သော်လည်း ၁၃၇ စက္ကန့်အကြာ အမြင့် ၄၃ မိုင်သို့ ရောက်ရှိချိန်တွင် မြေပြင်ထိန်းချုပ်စခန်းနှင့် ဒုံးပျံတို့ အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲခဲ့ဖွယ်

တောင်ကိုရီးယားနိုင်ငံ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးက နာရိုဒုံးပျံသည် ပေါက်ကွဲ သွားခဲ့ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် ရုရှား ကျွမ်းကျင်သူများက အဖြေရှာနိုင်ရန် ကြိုးစားလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ကျရောက်နိုင်

တောင်ကိုရီးယားတာဝန်ရှိသူ တစ်ဦး၏ အဆိုအရ နာရိုဒုံးပျံ၏ အစိတ်အပိုင်းများသည် အိုနေရိုကျွန်းအာကာသ စခန်းမှ မိုင် ၂၉၀ခန့်ကွာဝေးသော ပင်လယ်ပြင်ထဲသို့ ကျရောက်နိုင်ကြောင်း သိရသည်။

နာရိုဒုံးပျံပစ်လွှတ်မှုသည် တောင်ကိုရီးယားနိုင်ငံ၏ အောင်မြင်မှု မရခဲ့သော ဒုတိယမြောက် အာကာသအစီအစဉ်ဖြစ်ပြီး ဖြစ်ပျက်ပုံအရင်းခံကို အဖြေရှာနိုင်ပါက ထပ်မံပစ်လွှတ်မည့်ကာလကို တောင်ကိုရီးယားနိုင်ငံက ကြေညာမည်ဖြစ်သည်။

အင်တာနက်။



ရာသီဥတုလေ့လာရေး ဂြိုဟ်တုတစ်စင်းကို သယ်ဆောင်ထားသည့် နာရိုဒုံးပျံကို တောင်ကိုရီးယားနိုင်ငံ အိုနေရိုကျွန်း အာကာသစခန်းမှ ဇွန် ၁၀ ရက်က ပစ်လွှတ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ယူဂျွန်ကူလွန် အမျိုးသားဥယျာဉ်ရှိ ဂျဗားကြံ့ကြီး တစ်ကောင်ကို တွေ့ရစဉ်။ [ယင်းကြံ့မျိုးစိတ်သည် မျိုးသုဉ်းလုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီး ကောင်ရေ ၅၀မျှ သာကျန်ရှိတော့သည်။]

(ဓာတ်ပုံ-အင်တာနက်)

ကြာသပတေးဂြိုဟ်ကို ဝင်တိုက်သည့် အာကာသအရာဝတ္ထု သိပ္ပံပညာရှင်များ အမျိုးအမည် ခွဲခြားနိုင်ခြင်းမရှိသေး

ဘီလ်ဘာအို ဇွန် ၁၀

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကြာသပတေးဂြိုဟ်ကို ဝင်တိုက်ခဲ့သည့် လောင်ကျွမ်းနေသော ဧရာမအာကာသအရာဝတ္ထုကြီးသည် မည်သို့သောအရာ ဖြစ်သည်ကို သိပ္ပံပညာရှင်များအနေဖြင့် ထုတ်ဖော်နိုင်ခြင်းမရှိသေးကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

ကြာသပတေးဂြိုဟ်ကို အမျိုးအမည်မသိ အရာဝတ္ထုကြီးက ဝင်တိုက်ခဲ့သည့် ဖြစ်စဉ်အား ဩစတြေးလျနှင့် ဖိလစ်ပိုင်နိုင်ငံများမှ အပျော်တမ်း နက္ခတ္တဗေဒလေ့လာသူများက ဇွန် ၄ ရက်တွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နေစကြဝဠာအတွင်း အကြီးဆုံးဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ်ကို ဝင်တိုက်ခဲ့သည့် အမျိုးအမည်မသိ အာကာသအရာဝတ္ထုကို သိရှိနိုင်ရန် သိပ္ပံပညာရှင်များက ခွဲခြမ်းစိတ်ဖြာနေဆဲဖြစ်သည်။

၁၉၉၄ ခုနှစ်က ရှူးမိတ်ကာ-လီဗိုင်း ၉ ကြယ်တံခွန်သည် အစိတ်အပိုင်း ၂၀ကျော်မျှ ကွဲထွက်ကာ ကြာသပတေးဂြိုဟ်ပေါ်သို့ ယင်းအစိတ်အပိုင်းများ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အင်တာနက်။

ကျောက်ခေတ်ဦး ပန်းချီလက်ရာများရှိသည့် လိုဏ်ဂူကြီး စပိန်ပြန်လည် ဖွင့်လှစ်မည်

မဒရစ် ဇွန် ၁၀

စပိန်နိုင်ငံ ကန်တာဘရီးယားဒေသရှိ သမိုင်းမတင်မီခေတ် ပန်းချီလက်ရာများကြောင့် ကျော်ကြားသော အယ်လ်တာမီယာလိုဏ်ဂူကြီးကို ရှစ်နှစ်ကြာပိတ်ထားခဲ့ပြီးနောက် မကြာမီပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြထားသည်။

သို့ရာတွင် ယင်းလိုဏ်ဂူကြီးသို့ လာရောက်ကြမည့် ခရီးသွားဧည့်သည်များ၏ အပူဓာတ်နှင့် ရေငွေ့တို့ကြောင့် ပန်းချီလက်ရာများပျက်စီးနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

ထည့်သွင်း

အယ်လ်တာမီယာလိုဏ်ဂူကြီးအတွင်း၌ အနီရောင်နှင့် အနက်ရောင်များ အသုံးပြု ရေးဆွဲထားသော ကျွဲရိုင်းကြီးများ၏ ရုပ်ပုံကား ၂၁ကားကို တွေ့ရှိနိုင်သည်။ ယင်းဂူကြီးကို ၁၈၆၈ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းထဲသို့ ၁၉၈၅ခုနှစ်တွင် ထည့်သွင်းခဲ့သည်။

ရုပ်သိမ်း

ယင်းလိုဏ်ဂူကြီးအတွင်းရှိ ပန်းချီပုံများ၏ သက်တမ်းသည် နှစ်ပေါင်း ၁၄၀၀၀မှ ၂၀၀၀၀အထိရှိမည်ဟု ခန့်မှန်းရသည်။ သိပ္ပံပညာရှင်များက ဂူကြီးအတွင်းရှိ ပန်းချီပုံများတွင် မှိုများစွဲနေကြောင်း လေ့လာတွေ့ရှိပြီးနောက် ဂူကြီးအတွင်း ကမ္ဘာ့လှည့်ခရီးသွားများ ဝင်ရောက်ကြည့်ရှုမှုကို ရုပ်သိမ်းခဲ့သည်။

စပိန်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အဆိုအရ ကျောက်ခေတ်၏ စစ္စတိုင်းဘုရားကျောင်းဟု ထင်ရှားသော အယ်လ်တာမီယာလိုဏ်ဂူကို လာမည့်နှစ်တွင် ခရီးသွားဧည့်သည်များ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်တွင် နှစ်ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ အမေရိကန်တပ်ဖွဲ့များ ပစ်ခတ်သည်ဟု ယူဆရသော ဒုံးကျည်ပေါက်ကွဲမှုကြောင့် ကြာသပတေးနေ့က လူနှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒုံးကျည်ကျရောက် ပေါက်ကွဲစဉ် သေဆုံးသူနှစ်ဦးမှာ အပြင်တွင် ထိုင်နေခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွများ ကြီးစိုးရာ လူမျိုးစုဒေသများ၌ အမေရိကန် မောင်းသူမဲ့လေယာဉ်များက မကြာခဏ တိုက်ခိုက်လေ့ရှိသည်။ ၂၀၀၈ ခုနှစ်မှ စတင်၍ အဆိုပါဒေသများတွင် ပြုလုပ်ခဲ့သော မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးများကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

စစ်သွေးကြွဟုယူဆရသူများအဖြစ် သတ်မှတ်တိုက်ခိုက်ခဲ့ပြီးနောက်မှသာ သေဆုံးသူအများစုကို ပါကစ္စတန်အာဏာပိုင်များက မည်သူမည်ဝါခွဲခြားနိုင်ခဲ့ပြီး အရပ်သားအများအပြားပါဝင်နေကြောင်း တွေ့ရှိခဲ့ရသည်။

အင်တာနက်။

အမေရိကန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်၏ ပစ်ခတ်မှု မက္ကဆီကို ဆယ်ကျော်သက် တစ်ဦးသေဆုံး

ဆီယူဒက် ဂျူအာရက်ဇ် ဇွန် ၁၀

မက္ကဆီကိုနိုင်ငံနှင့် တက္ကဆက်ပြည်နယ် နယ်စပ်တွင် အမေရိကန်နယ်ခြားစောင့် တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် မက္ကဆီကို ဆယ်ကျော်သက်တစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မက္ကဆီကိုအစိုးရက ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ပြီး အမေရိကန်နယ်ခြားစောင့်တပ်ဖွဲ့၏ အင်အားကို အလွန်အကျွံအသုံးပြုမှုအပေါ် ပြစ်တင်ဝေဖန်ခဲ့သည်။

ထိုသို့ အမေရိကန်နယ်ခြားစောင့် တပ်ဖွဲ့ဝင်၏ လက်ချက်ကြောင့် မက္ကဆီကို ဆယ်ကျော်သက် သေဆုံးခဲ့ရခြင်းသည် မက္ကဆီကိုနိုင်ငံသားများကို အမျက်ထွက်စေခဲ့ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးတွင်လည်း အဖုအထစ်ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန် အာဏာပိုင်များက ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန် ကတိကဝတ်ပြုခဲ့သော်လည်း သေဆုံးခဲ့သော မက္ကဆီကိုနိုင်ငံသား ဆာဂျီယိုဟာနန်ဒက်ဇ်သည် အမေရိကန်နိုင်ငံ၏ အလိုအရှိဆုံးစာရင်းတွင် ပါဝင်သော ဆယ်ကျော်သက်မှောင်ခိုသမားတစ်ဦးဖြစ်သည်ဟု သတင်းများက ဆိုသည်။ မက္ကဆီကို သမ္မတ ဖဲလ်လစ်ကယ်ဒရွန်က ဆာဂျီယိုဟာနန်ဒက်ဇ် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ကြာသပတေးနေ့က ပြင်းထန်စွာ ရှုတ်ချခဲ့ပြီး ယင်းကိစ္စ၌ အဓိက တာဝန်ရှိသူကို စုံစမ်းဖော်ထုတ် အရေးယူရန် အမေရိကန်အာဏာပိုင်များကို တောင်းဆိုလိုက်သည်။

မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း အမေရိကန်နယ် ခြားစောင့်တပ်ဖွဲ့များ၏ လက်ချက်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြသော မက္ကဆီကိုနိုင်ငံသား ၁၇ဦးရှိ ပြီဖြစ်ကြောင်း သိရသည်။

အင်တာနက်။

တရုတ်၏ စစ်ရေးအင်အား ကြီးထွားလာမှုအပေါ် အမေရိကန်စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်

ဝါရှင်တန် ဇွန် ၁၀

တရုတ်နိုင်ငံ၏ စစ်ရေးအင်အား ကြီးထွားလာမှုအပေါ် လွန်စွာစိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်ပြည်ထောင်စု ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုက်မူလန်က ဇွန် ၉ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား စစ်ရေးအရ ဆက်ဆံမှု အေးစက်လာခြင်းအတွက် အပြန်အလှန် ပြစ်တင်မှုများပြုလုပ်နေချိန်တွင် ဗိုလ်ချုပ်ကြီး မိုက်မူလန်က ယင်းသို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စတင်၍ အမေရိကန်ပြည်ထောင်စုနှင့် စစ်ရေးအရ ဆက်သွယ်မှုများစတင်ပြုလုပ်ခဲ့သည်။ သို့ရာတွင် အမေရိကန်နိုင်ငံက တရုတ်(တိုင်ပေ)သို့ လက်နက်များ ရောင်းချမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် တရုတ်နှင့် အမေရိကန်အကြား စစ်ရေးအရ ဆက်ဆံမှုများ အေးစက်သွားခဲ့သည်။

တရုတ်နိုင်ငံက ပင်လယ်ပြင်နှင့် လေကြောင်းတွင် စစ်ရေးအရ လှုပ်ရှားနိုင်စွမ်းကို ပိုမိုမြှင့်တင်နေခြင်းနှင့် အမေရိကန်နှင့် စစ်ရေးဆက်သွယ်မှုများပြန်လည်လုပ်ဆောင်ရန် ငြင်းပယ်ခဲ့ခြင်းအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ဗိုလ်ချုပ်ကြီး မိုက်မူလန်က ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အာဖဂန်ကျေးလက် မင်္ဂလာပွဲကို အသေခံဗုံးခွဲ အနည်းဆုံး လူ ၄၀ သေဆုံးပြီး ၇၀ကျော် ဒဏ်ရာရ

အာဖဂန်ကျေးလက်မင်္ဂလာပွဲ၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သူအား ဇွန် ၁၀ ရက်က ဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကဘူးလ် ဇွန် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ လက်ထပ်မင်္ဂလာအခမ်းအနားတစ်ခု ဗုဒ္ဓဟူးနေ့က ကျင်းပနေစဉ် အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၄၀ သေဆုံးခဲ့ပြီး ၇၀ကျော် ဒဏ်ရာရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အသေခံဗုံးခွဲသမားသည် ဧည့်သည်ရာပေါင်းများစွာ တက်ရောက်လာသော အာဂန်ဒက်ဘ်ခရိုင် နာဂါဟန်ကျေးရွာ၌ ပြုလုပ်သည့် မင်္ဂလာအခမ်းအနား အတွင်း ဝင်ရောက်လာကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦး၏ အဆိုအရ သိရသည်။

ကျား၊မ သီးခြားစီခွဲ၍ မင်္ဂလာညစာစားပွဲ ကျင်းပစဉ် ည ၉နာရီခွဲနှင့် ၁၀နာရီအကြား ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူအများစုသည် အမျိုးသားများသာဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ကန်ဒါဟာပြည်နယ် ရဲတပ်ဖွဲ့၏ အဆိုအရ ယင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသူအများစုသည် ဒေသခံရဲတပ်ဖွဲ့သို့မဟုတ် ဒေသခံပြည်သူ့စစ်အဖွဲ့များနှင့် ပတ်သက်သူများ ဖြစ်ကြောင်း သိရသည်။အာဖဂန်ကျေးလက်မင်္ဂလာပွဲများသည် လူများစွာ ပါဝင်ဆင်နွှဲလေ့ရှိကာ မင်္ဂလာပွဲအထိမ်းအမှတ် သေနတ်ပစ်ဖောက်သံများဖြင့် အုတ်အုတ်သဲသဲ ဆူညံလေ့ရှိပြီး ယခင်ကလည်း နိုင်ငံခြား တပ်ဖွဲ့များ၏ မှားယွင်းတိုက်ခိုက်မှုကို မကြာခဏ ခံရ လေ့ရှိသည်။

အင်တာနက်။

မြန်မာပါဝါဂရစ်စနစ် အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်း သဘောတူညီချက် မြန်မာ့လျှပ်စစ်နှင့် ဆွစ်ဇာလန်ကုမ္ပဏီတို့အကြား စာချုပ်ချုပ်ဆို

နေပြည်တော် ဇွန် ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၉ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆွစ်ဇာလန်နိုင်ငံမှ AF- Colenco Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွစ်ဇာလန်နိုင်ငံ AF- Colenco Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး AF-Colenco Ltd. မှ CEO Mr. Roberto Gerosa က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် AF- Colenco Ltd. မှ Vice- President, Mr. Hubert Hosp တို့က မြန်မာပါဝါဂရစ်စနစ် အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်း သဘောတူညီချက်စာချုပ် (Consultancy Services for Power System of Myanmar Power Grid)ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညာဏ်ဝင်း ပေါ်တူဂီအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၀ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လူးဝစ် အာမာဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၁၀ (သောကြာနေ့)
[၁၃၇၂ခုနှစ်၊ နယုန်လကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၈း၅၀ ၁၁။ "အရေးကြီးလို့ပါ"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ အထူးပြုများ)(စီးပွားရေးပညာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၀၅ ၈။ တေးဂီတအစီအစဉ်
- ၅း၂၀ ၉။ "လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်နေ မန္တလေးတိုင်း/ဟီးရိုးမြို့နဲ့ နမ့်ခမ်းမြို့နယ်မြေ"
- ၅း၃၀ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း)(အပိုင်း-၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၃)**
- ၁၉။ သီချင်းချစ်သူ (ချော့စုခင်)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအလုပ်ရုံဆွေးနွေးပွဲ (Gender Equality and Convention on the Elimination of all forms of Discrimination Against Women) (CEDAW) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် UNFPA ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad က အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ INGOs, NGOs၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအကြံပြုကြမည်ဖြစ်ကာ ဇွန် ၁၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်နေ စာရေးဆရာ ဒွါရာဝတီ ဦးမောင်ကြီး (ခင်မောင်ထွေး-တောင်ကုတ်)နှင့် ဇနီး ဒေါ်စုစုကြည်တို့က ဒွါရာဝတီမြို့တော်မှ အုံဩဖွယ်ရာဖြစ်ရပ်ဆန်းများစာအုပ် ရောင်းရငွေမှ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းတစ်သောင်း ခြောက်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတစ်ဝန်း မေလအတွင်း မီးလောင်မှု ၈၁ ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် ဇွန် ၁၀

၂၀၁၀ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၈၁ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ မီးဖိုမီး၊ ပေါ့ဆမီး ၆၃ ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ၁၃ ကြိမ်၊ မသမာသူရှို့မီး နှစ်ကြိမ် ပါဝင်ကြောင်း၊ အိမ်ခြေအဆောက်အအုံ ၁၃၉၄ လုံး၊ စက်ရုံ၊ အလုပ်ရုံ နှစ်လုံး၊ ဂိုဒေါင်တစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၄၅၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မီးဖိုမီး အပါအဝင် ပေါ့ဆမီး ၆၃ ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၇ ဒသမ ၇၈ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း၊ ပြည်နယ်၊ တိုင်းအလိုက်အနေဖြင့် မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ပဲခူးတိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ ရှမ်းပြည်နယ်၌ တတိယအကြိမ် အများဆုံးဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ဆုံးရှုံးမှု တန်ဖိုးအနေဖြင့်လည်း ရန်ကုန်တိုင်း၌ ဆုံးရှုံးမှုအများဆုံး၊ စစ်ကိုင်းတိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် မန္တလေးတိုင်း၌ တတိယဆုံးရှုံးမှု အများဆုံးဖြစ်ကြောင်း၊ ကျေးရွာမီးလောင်မှု ၂၉ ကြိမ်ဖြစ်ပွားခဲ့သဖြင့် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၃၅ ဒသမ ၈ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း သိရှိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝါယာမှ တစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးကို ဆက်လက်သတိပြု လိုက်နာဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တဗေဒ အင်တာနက်သတင်း ဘာသာပြန် - တက်လူ

ဒိုင်နိုဆောနည်းတူ မြွေမျိုးသုဉ်းနိုင်မှု နိုင်ငံတကာသုတေသနလေ့လာချက်၌ ဖော်ပြ

လန်ဒန် ဇွန် ၁၀

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့ကုန်းမြေတိုက်ကြီး သုံးတိုက်တွင် မြွေကောင်ရေ အလွန်အမင်း ကျဆင်းသွားခဲ့ကြောင်း၊ အနာဂတ်ကာလတွင် ဒိုင်နိုဆောသတ္တဝါများနည်းတူ မြွေမျိုးသုဉ်းပျောက်ကွယ်သွားမည်လောဟု စိုးရိမ်ပူပန်ရကြောင်း သုတေသီများက ပြောကြားကြသည်။



ကမ္ဘာတစ်ဝန်း မြွေကောင်ရေ ကျဆင်းမှုကို သုတေသီတို့ လေ့လာခဲ့ကြသည်။ *(ဓာတ်ပုံ-အင်တာနက်)*

မြွေကောင်ရေ သိသိသာသာ ကျဆင်းလာမှုသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည်ဟု သုတေသီများ၏ လေ့လာချက်၌ ဖော်ပြသည်။

သုတေသီများသည် ကမ္ဘာ့ကုန်းမြေတိုက်သုံးတိုက်၌ မြွေမျိုးစိတ်ရှစ်မျိုးကို လေ့လာစောင့်ကြည့်ခဲ့ရာတွင် မြွေများ ရှင်သန်ပေါက်ဖွားမှု ထူးထူးခြားခြား ကျဆင်းသွားခဲ့သည်ကို တွေ့ရသည်။ ပထဝီဝင်နယ်မြေအရ ဆက်စပ်မှုမရှိသော ကမ္ဘာ့ကုန်းမြေတိုက်သုံးခုစလုံးတွင် မြွေကောင်ရေ သိသိသာသာ ကျဆင်းပုံချင်း တူညီနေကြောင်း Biology Letters အမည်ရှိ သိပ္ပံဂျာနယ်၌ ဖော်ပြထားသည်။

ဥရောပ၊ အာဖရိကနှင့် ဩစတြေးလျတိုက်တို့တွင် ကျက်စားသော မြွေအမျိုးအစား ၁၇ မျိုးကို သုတေသီတို့က လေ့လာစောင့်ကြည့်ခဲ့ရာ မြွေအမျိုးအစား ၁၁ မျိုးမှာ ၁၉၉၈ ခုနှစ်မှစ၍ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ မြွေအမျိုးအစားအချို့မှာ ၉၀ ရာခိုင်နှုန်းအထိပင် ကောင်ရေ ကျဆင်းသွားခဲ့ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များအဖွဲ့၏ လေ့လာချက်တွင် ဖော်ပြသည်။

၁၉၉၀ ပြည့်လွန် နှောင်းပိုင်းနှစ်များမှ စတင်ကာ မြွေကောင်ရေ အလွန်အမင်းကျဆင်းခဲ့သော်လည်း ယင်းသို့ဖြစ်သည့်အကြောင်းတရားများကို တိကျစွာမသိကြရပေ။

မြွေအထီးများထက် မြွေအမများက ကောင်ရေပိုမိုကျဆင်းခဲ့ကြောင်း၊ သစ်တောဥယျာဉ်များအတွင်း ကျက်စားသော မြွေများ ကောင်ရေအရ လျော့နည်းသည်ထက် လျော့နည်းသွားကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ နိုင်ဂျီးရီးယားနှင့် ဩစတြေးလျနိုင်ငံတို့တွင် မြွေကောင်ရေ နည်းပါးသွားရခြင်းမှာ ရာသီဥတုပြောင်းလဲလာသည့်ပြဿနာနှင့် ဆက်နွှယ်မှုရှိသည်ဟု သုတေသီများက ယူဆကြသည်။

အင်တာနက်။

ဝန်ကြီး ဦးဌေးဦး ဇလွန်မြို့နယ်တွင် တောင်သူများနှင့် တွေ့ဆုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းများ ဆွေးနွေးမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဧရာဝတီတိုင်း မေရီလန်းကျေးရွာအနီးရှိ ဂျပန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးရေးပညာပေးရေးစီမံကိန်း၏ တောင်သူပညာပေးရှေ့တန်းစခန်းတွင် တောင်သူများအား ဆွေးနွေးမှာကြားစဉ်။

(စိုက်ပျိုးရေး)

ရန်ကုန် ဇွန် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့နယ် မေရီလန်းကျေးရွာအနီးရှိ ဂျပန်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးရေး ပညာပေးရေးစီမံကိန်း (Agricultural Extension Human Resources Development Project)၏ တောင်သူပညာပေးရှေ့တန်းစခန်းသို့ ရောက်ရှိပြီး တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇော က စီမံကိန်းဧရိယာအတွင်း ကျားကူးရိုးချောင်းကို မြောင်းဖြောင့်ပေးခြင်း၊ တူးဖော်ခြင်း လုပ်ငန်းများပြီးစီးမှုနှင့် တောင်သူများ၏ လိုအပ်ချက်အရ ကျားကူးရိုးချောင်းအပြင် ယိုးဒယားချောင်းပါ တူးဖော်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ် စပါးစိုက်တောင်သူများသို့ ပံ့ပိုးငွေနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ပေးအပ်

ရန်ကုန် ဇွန် ၁၀

၂၀၁၀ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကဥ္စနကျွန်းသာကုမ္ပဏီ(Gold Delter)နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြမည့် ပန်းတနော်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသို့ ဒုတိယအကြိမ် ပံ့ပိုးငွေ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးနည်းပညာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်းက အမှာစကားပြောကြားပြီး ကဥ္စနကျွန်းသာ ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက မြို့နယ်အတွင်းရှိ ဒေါ်ဝါး၊ ဘဝိုင်း၊ ရုံးတောနှင့် ဝဲဒေါင့်ကျေးရွာရှိ စပါးစိုက်တောင်သူ ၁၂၈ ဦးသို့ ပံ့ပိုးငွေနှင့် စိုက်ပျိုးရေးသုံးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၇၇၀၃၄၀၀ နှင့် စိုက်ပျိုးရေးနည်းပညာစာအုပ်များပေးအပ်ရာ ဒေါ်ဝါးကျေးရွာနှင့် ရုံးတောကျေးရွာတို့မှ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တောင်သူများကိုယ်စား ဘဝိုင်းကျေးရွာမှ ဦးစိန်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ ၂၀၁၀ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတနော်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသို့ ကဥ္စနကျွန်းသာ ကုမ္ပဏီမှ ပထမအကြိမ် ပံ့ပိုးမှုမှာ ငွေကျပ် ၃၆၉၉၇၆၉၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသို့ ဒုတိယအကြိမ် ပံ့ပိုးငွေ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးနည်းပညာစာအုပ်များကို ကဥ္စနကျွန်းသာကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်း ပေးအပ်စဉ်။

(သတင်းစဉ်)

ICT Foundation သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၀

ICT ပညာရပ် သင်တန်းတွင် ICT ပညာရပ်၏ အရေးပါပုံ၊ အကျိုးရှိပုံတို့ကို ကောင်းစွာနားလည်၍ လက်တွေ့ နယ်ပယ်တွင် မည်ကဲ့သို့အကျိုးရှိရှိ အသုံးချနိုင်ပုံတို့ကို သင်ကြားပေးမည်ဖြစ်သည်။

ဤသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အဆင့်မြင့်ပညာရပ်များကို လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ကို လက်တွေ့ဘဝတွင် အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းတွင် Microsoft Office Module, Basic Programming Module, Database Module, Graphic Design Moduleနှင့် Networking Module တို့ကို မတူညီသော ရှုထောင့်မှ သင်ကြားပေးမည်ဖြစ်သည်။

Microsoft Office Module တွင် ကွန်ပျူတာဖြင့် စာစီစာရိုက်၊ စာရင်းဇယားပြုလုပ်ခြင်း၊ Presentation ပြုလုပ်ခြင်းများကို Microsoft Word, Excel, Powerpoint အစရှိသော အဆင့်မြင့် Softwareတို့ဖြင့် ကျွမ်းကျင်စွာ အသုံးချတတ်အောင် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

Basic Programming Module တွင် Computer ပညာရပ်၏ အသက်တမျှဖြစ်သော Programming ဘာသာရပ်ကို နားလည်သဘောပေါက်၍ လက်တွေ့ရေးသားခြင်းများ ပါဝင်မည်ဖြစ်သည်။

Database Module တွင် စီးပွားရေးလုပ်ငန်းများ၌ Database ကို အကျိုးရှိရှိ အသုံးချနိုင်ပုံကို စနစ်တကျ လေ့လာ၍ လက်တွေ့လေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်သည်။

Graphic Design Module တွင် ပြင်ပလောက၌ ရှိနေသော အလုပ်အကိုင်များကို Graphic Design ပညာရပ်က မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်ကြောင်းကို နားလည်အောင် လေ့လာခြင်းများ ပါဝင်မည်ဖြစ်သည်။

Networking Module တွင် ကွန်ပျူတာများကို ချိတ်ဆက်အသုံးပြုသော " Networking " ဘာသာရပ်နှင့် စပ်လျဉ်း၍ အခြေခံများကို နားလည်သဘောပေါက်အောင် သင်ကြားပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) တက်ရောက် သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဇွန် ၂၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် (၂၆) (၁၄)လမ်း (အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၂၄ ၄၉၆နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်းအမှတ်(၃) စစ်ကိုင်းမြို့နယ်အပိုင်း အဖွဲ့အမှတ်(၁) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်(၀/၁)မှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့ ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

တောင်ကြီး ဇွန် ၁၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)ရှိ ဝန်ထမ်း သား၊ သမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါသတင်းစာတိုက်၌ကျင်းပရာ တာဝန်ခံအရာရှိ ဦးနိုင်ထွန်းနှင့် ဝန်ထမ်းများ၊ ထောက်ပံ့ငွေလက်ခံရယူမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တာဝန်ခံအရာရှိ ဦးနိုင်ထွန်းက ပညာသင်ထောက်ပံ့ငွေပေးအပ်မှုအခြေအနေကို ရှင်းပြပြီး တက္ကသိုလ် တစ်ဦး၊ အလယ်တန်း လေးဦး၊ မူလတန်း လေးဦး စုစုပေါင်း ကိုးဦးသို့ ထောက်ပံ့ကြေးငွေကျပ် ၅၂၀၀၀ ကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)၏ ဟောပြောပွဲ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-VI) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်းနည်းပြသင်တန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့က ကြီးမှူးဖွင့်လှစ်သော ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်းနည်းပြသင်တန်း၌ တက်ရောက်လျက်ရှိကြသော သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၂၀ ရက်တွင် မော်လမြိုင်မြို့နယ် အမှတ် (၇)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

ယင်းအခမ်းအနားတွင် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အေးမင်းနှင့် ဒုတိယရဲအုပ်အောင်နိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်မောင်းများ၊ စက်ဘီးစီးနင်းသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောပို့ချကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၀

ဦးသန့် (EMZEE GOLF) သည် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်ဝင်း၊ ဦးမျိုးမင်းတင်ထွန်းတို့နှင့်အတူ ဇွန် ၉ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် CALLAWAY BIG BERTHA No.(1) ဘောလုံးကို CALLAWAY X No.(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက် အကွာရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ရေဝတီတံတား(ပခုက္ကူ)နှင့် ရေဝတီတံတား(ညောင်တုန်း) တို့အတွက် တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၈ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် ရေဝတီတံတား (ပခုက္ကူ) နှင့် ရေဝတီတံတား (ညောင်တုန်း)တို့အတွက် တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခု၊ Tsinlien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခု စုစုပေါင်း ကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခု၊ Tsinlien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခု စုစုပေါင်းကုမ္ပဏီငါးခုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရေဝတီတံတား (ပခုက္ကူ)အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်နှင့် China CAMC Engineering Co.,Ltd. မှ Vice President,Mr.Zhao Lizhi နှင့် Mr. Wang Li Guang တို့ကလည်းကောင်း၊ Northern International (Holding) Co.,Ltd. မှ Vice President, Mr. Yu Xian Feng နှင့် ဒါရိုက်တာ ဦးစိုးလှမင်းတို့ကလည်းကောင်း၊ Hubei Huazhou Industrial Co., Ltd. မှ Vice President, Mr.Yu Ya Ping နှင့် ဌာနေကိုယ်စားလှယ် ဒေါ်ရင်ရင်မေတို့က လည်းကောင်း တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ရေဝတီတံတား (ညောင်တုန်း) အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်နှင့် Tsinlien Group Co., Ltd. မှ Vice President,Ms.Ma Jie နှင့် ဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့က လည်းကောင်း၊ China Railway Baoji Bridge Group Co., Ltd. မှ President, Mr.Li Zongmin နှင့် Chief Manager, Mr.Wen Jinpeng တို့ကလည်းကောင်း တံတားသံပေါင်နှင့် ပစ္စည်းများ ဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ China CAMC Engineering Co.,Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခုကိုယ်စား Vice President, Mr.Zhao Lizhi ကလည်းကောင်း၊ Tsinlien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခုကိုယ်စား President, Mr. Dong Guo Qiang ကလည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

ဝယ်ယူရန်

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ရေဝတီတံတား (ပခုက္ကူ) ၏ သံပေါင်အခန်း၃၀ အတွက် China CAMC Engineering Co.,Ltd. မှ သံပေါင် ၁၅ခန်း၊ Northern International (Holding) Co.,Ltd.မှ သံပေါင် ကိုးခန်းနှင့် Hubei Huazhou Industrial Co.,Ltd. မှ သံပေါင် ခြောက်ခန်းတို့ဖြစ်ပြီး ရေဝတီတံတား (ညောင်တုန်း)၏ သံပေါင်အခန်း၂၀ အတွက် Tsinlien Group Co., Ltd.မှ သံပေါင် ၁၀ခန်း၊ China Railway Baoji Bridge Group Co., Ltd. မှ သံပေါင် ၁၀ခန်း တို့ကိုဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရေဝတီတံတား(ပခုက္ကူ)နှင့် ရေဝတီတံတား (ညောင်တုန်း)တို့အတွက် တံတားသံပေါင်နှင့် ပစ္စည်းများဝယ်ယူရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် China CAMC Engineering Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခု၊ Tsin - lien Group Co., Ltd. ဦးဆောင်သည့် ကုမ္ပဏီနှစ်ခု စုစုပေါင်းကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(ဆောက်လုပ်ရေး)

ဆိုင်ကယ်များ ဇွန်လကုန်အထိ တရားဝင်မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာ

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်က ပြည်သူလူထု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်ပြီး တရားမဝင်တင်သွင်းလာသည့် ဆိုင်ကယ်များကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ အခွန်အခများပေးချေ၍ တရားဝင်မှတ်ပုံတင်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ပြည်သူများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဝင်မှတ်ပုံတင်ပြုလုပ်ရေးကို အချိန်ကာလတိုးမြှင့်ပြီး ၂၀၁၀ ခုနှစ် ဇွန် ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်ပြီး မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို တရားဥပဒေနှင့်အညီ နိုင်ငံပိုင်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ နိုင်ငံပိုင်သိမ်းဆည်းထားသော ဆိုင်ကယ်များကို ပိုင်ရှင်ဖြစ်သူက ပြန်ရယူလိုကြောင်း လျှောက်ထားလာလျှင် ဆိုင်ကယ်၏တန်ဖိုးနှင့် ကျသင့်သည့် အခွန်ငွေများကို ပေးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်က တရားဝင်အဖြစ်သတ်မှတ်မှတ်ပုံတင်ပေးမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့၌ ORCHID HOTEL ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၀

ORCHID HOTEL ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ အဆိုပါ ဟိုတယ်ရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ဟိုတယ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ORCHID HOTEL မှ မန်နေဂျင်းဒါရိုက်တာ ဦးဌေးအောင်က ဟိုတယ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ထို့နောက် C.E.H National Holding Ltd., Singapore မှ ဒါရိုက်တာအဖွဲ့ဝင် Mr. Ee Yong Peng က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဟိုတယ်၌ Superior Double / Twin Room၊ Single Room၊ Suite၊ Junior Suite နှင့် Executive Suite အခန်းပေါင်း ၁၀၂ခန်း ပါဝင်ပြီး International Cuisine၊ အိုင်ဒီဒီ တယ်လီဖုန်းစနစ်၊ Mini Bar နှင့် Laundry and Valet Services တို့ ပါရှိကာ လာရောက်တည်းခိုသူများ လုံခြုံအေးချမ်းစွာ အနားယူနေထိုင်နိုင်ရေးအတွက် ၂၄ နာရီပတ်လုံး လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ထားသည်။

အသေးစိတ်သိရှိလိုပါက ORCHID HOTEL ဖုန်း-၃၉၉၉၃၀၊ ၇၀၄၇၄၀နှင့် ၂၉၃၂၆၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် World Vision (မြန်မာ)တို့ ပူးပေါင်းကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်ဥပဒေ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးကျော်ဝင်းက ကလေးသူငယ်ဥပဒေ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင် ၅၈ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဇွန် ၇ရက်က အမက(၃၁) သယ်န်းကျွန်းတွင် ဂျိုးဖြူရေရရှိရေး (ရေစက်၊ ရေစင်၊ ရေတိုင်ကီ၊ ရေပိုက်)များ၊ ကျောင်းသား၊ ကျောင်းသူ ၁၉ဦးတို့အတွက် ကျောင်းအပ်နှံခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများကို အလှူရှင် ဦးခင်လှိုင်-ဒေါ်ခင်မြင့်မိသားစု (သုမင်္ဂလာအိမ်ရာ)က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

လှည်းကူးမြို့နယ် ကြာကန်ကျေးရွာ အမက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကြာကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း လေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက်ပိုင်းတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် အလှူရှင် ဦးဇော်မင်းထွန်းမိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ အလှူရှင် ဦးဇော်မင်းထွန်းက ကျောင်းဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဦးအေးကြူထံ လွှဲပြောင်းပေးအပ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၀

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ တားဆီးကာကွယ်နှိမ်နင်းရေးတို့ကို ဆောင်ရွက်သွားရန် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ထရန်စဖော်မာများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၀

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ထရန်စဖော်မာများအား လွှဲပြောင်းပေးအပ်ပွဲ ကို ဇွန် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး

အဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen၊ စစ်သံမှူး Col. M.M. Naravaneနှင့် သံရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး သံအမတ်ကြီး H.E. Mr. Aloke Sen က ထရန်စဖော်မာများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် သံအမတ်ကြီးက ထရန်စဖော်မာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည် ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တက်ရောက်လာကြသူများသည် လှူဒါန်းထားသော ထရန်စဖော်မာများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ (ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးဝေလွင်နှင့်အဖွဲ့ ဇွန် ၇ ရက်က ရန်ကုန်-ပဲခူး အမှတ်(၂) လမ်းမကြီးပေါ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မော်တော်ယာဉ်များအား ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက် လိုင်စင်ရှိ မရှိ ရှောင်တခင်စစ်ဆေးစဉ်။ (ကညန)

ချင်းပြည်နယ် တီးတိန်မြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၀

ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ချင်းပြည်နယ် ဥပဒေအရာရှိ ဦးခွထီးယိုသည် ယမန်နေ့ ညနေ ၃ နာရီတွင် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချရေးကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘော ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘောနှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ထည်ပစ္စည်း၊ ပရိဘောဂ၊ မီးဖို၊ ပဲဖတ်၊ ကျောက်ထွက်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အထွေထွေ လူသုံးကုန် ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၇၀၈ ဒသမ ၅၁၅ တန်နှင့် ရန်ကုန်အဝင်ခရီးသည် ၇၈ ဦးတို့ကို တင်ဆောင်ပြီး ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃) ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘောနှင့် ဈေးတွဲနှစ်တွဲတို့သည် ကုန်တန်ချိန် ၁၂၇၅ တန်နှင့် ခရီးသည် ၈၃ ဦး တင်ဆောင်၍ ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ မန္တလေးမြို့သို့ မေ ၄ ရက်တွင် ရောက်ရှိပြီး မေ ၁၈ ရက်တွင် ကုန် ၁၄၀၂ တန်နှင့် ခရီးသည် ၁၂၀ ဦးတင်ဆောင်ကာ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့သည်။

ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘောကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိမြို့၊ ရွာများမှ ပြည်သူများ ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ပြေးဆွဲလျက်ရှိပြီး ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာ ဒေသများ၌ ညအိပ်ရပ်နားကာ ဈေးရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"အာရုံခြောက်ပါး"တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၃)**
၈း၃၀	Sports World (Contender Argentina)
၈း၅၅	အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့် အောင်စေတီတော်
၉း၁၅	Activities in The City [စာရေးဆရာစစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁၊ ၂)စာအုပ်မိတ်ဆက်ပွဲ]
၉း၂၅	ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ
၉း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း)
၁၀း၃၀	3D ကျွဲကော
၁၀း၄၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညို Hip Hop Show)
၁၁း၁၀	ဧည့်ဝတီရဲ့တေးနရီ ရသစုံလီ ရခိုင်စာပီ
၁၁း၂၅	ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
၁၁း၃၅	Story Telling Festival
၁၁း၅၀	မြန်မာစာ၊ မြန်မာစကား
၁၂း၀၀	မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁၂း၂၀	VJ Choice
၁၂း၄၅	Activities in The City (ဆရာတော်ဘဒ္ဒန္တပညိဿရာဘိဝံသ၏ စိန်ရတုဝိဇာတပူဇော်ပွဲ)
၁း၀၀	"အာရုံခြောက်ပါး"တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင်မန်းဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၃း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၃)**
၄း၀၅	Activities in The City [စာရေးဆရာစစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁၊ ၂)စာအုပ်မိတ်ဆက်ပွဲ]
၄း၂၀	ရင်းနှီးနွေးထွေးမှုမှသည် ပဲခူးတိုင်းဆီ
၄း၃၀	အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့် အောင်စေတီတော်
၄း၅၅	Road To Highest Competition (Portugal)
၅း၀၅	World of Knowledge (Mega Structures; ICE HOTEL)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညို Hip Hop Show)
၆း၄၀	လှပသစ်ဆန်းအလှပြင်ခန်း (BamBoo Spa)
၆း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar International Educare Centre SUMMER SCHOOL ကျောင်းဆင်းပွဲ)
၇း၁၀	ဖက်ရှင်လမ်းညွှန် (အဝါရောင်ဖက်ရှင်)
၇း၂၅	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင်မန်းဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၃)**
၁၀း၀၀	ဖက်ရှင်လမ်းညွှန် (အဝါရောင်ဖက်ရှင်)
၁၀း၁၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar International Educare Centre SUMMER SCHOOL ကျောင်းဆင်းပွဲ)
၁၀း၃၀	လှပသစ်ဆန်းအလှပြင်ခန်း (BamBoo Spa)
၁၀း၄၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၅၅	ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
၁၁း၀၅	ပုခန်းကြီးရွှေဟောင်းကျောင်းတော်ကြီး
၁၁း၁၅	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး)
၁၁း၃၅	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၁၁း၄၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ စစ်ကိုင်းတိုင်းမှ

အင်းတော်ထက်စာလျှင် လူသိများလေသည်။ ကသာမှ မန္တလေးသို့ ရထားခရီးဖြင့် သွားလိုလျှင် နဘားဘူတာကိုလာပြီးမှ စီးကြရသည်။ နဘားဘူတာ၌ ညနေစောင်းမှသည် နံနက်အရုဏ်တက်အထိ ခရီးသွားများရှိနေကြရာ မိုးလင်းပေါက်ဖွင့်သော စားသောက်ဆိုင်များပင်ရှိလေသည်။ အင်းတော်မြို့နယ်တွင် အင်းတော်မြို့ပြီးလျှင် နဘားကျေးရွာနှင့် နဘားဘူတာမှာ အစည်ကားဆုံး ဖြစ်လေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ အတွင်း ကသာ-မိုးတားကြီး ရထားလမ်းပိုင်းဖွင့်ပွဲသတင်းရယူရန် ကသာမြို့သို့ ရောက်ရှိခဲ့ရာ အချိန်အား တစ်ရက်ရှိ၍ အင်းတော်မြို့ကို သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။

ကသာနှင့် အင်းတော် မိုင် ၂၀ သာဝေးသော်လည်း လမ်းတွင် ကုန်တင်ရန် ရပ်နားချိန်များရှိ၍ နှစ်နာရီခန့် စီးရပါသည်။ ကသာ-အင်းတော် ကားလမ်းမှာ ဖက်ဆွတ်သစ်တောကြိုးဝိုင်းအတွင်း ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်၍ ပတ်ဝန်းကျင်သဘာဝမှာ စိမ်းစိုသာယာပြီး တိတ်ဆိတ်အေးမြလှပေသည်။ သစ်ပင်သစ်တောကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော ဖက်ဆွတ် သစ်တောကြိုးဝိုင်းအတွင်း သဘာဝ အလျောက် လွတ်ထားသော သစ်ထုတ်လုပ်ရေးမှ ဆင်များကိုပင် တွေ့ရသည်။ ဖက်ဆွတ် သစ်တောကြိုးဝိုင်းသည် ကသာမြို့နယ်အတွင်း ၉၆၃၈ ဧက၊ အင်းတော် မြို့နယ်အတွင်း ၁၆၆၂၆ ဧက ပါဝင်လေသည်။

အင်းတော်မြို့ ကားဂိတ်တွင် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးကျော်သီဟက ဆိုင်ကယ်ဖြင့် လာရောက် စောင့်ကြိုနေလေသည်။ ဦးကျော်သီဟ၏ ခေါ်ဆောင်မှုဖြင့် အင်းတော်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းကို အခန့်သင့်ပင် တွေ့ရပါသည်။

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်းက ဒေသ၏ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင် ရွက်နေမှုနှင့် စပ်လျဉ်း၍ "မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းထည့်ဝင်ငွေနဲ့ မြို့ပြလမ်း (ကတ္တရာလမ်း) ခုနစ်လမ်း ဆောင်ရွက်နေပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေနဲ့ မော်လူးဒေသမှာ ကတ္တရာလမ်း နှစ်လမ်း ခင်းနေပါတယ်။ အင်းတော်မြို့နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းကတော့ စိုက်ပျိုးရေးပါပဲ။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ နွေစပါးဧက ၁၄၀၀ စိုက်ဖို့ ရည်မှန်းထားပါတယ်။ ရေရရှိမှုကတော့ ချောင်းပိတ်၊ မြောင်းပိတ် စနစ်ပါပဲ။ စပါးမျိုးအနေနဲ့ကတော့ သီးထပ်ရင်မျိုးကို အဓိကစိုက်ကြပါတယ်။ ၁၉-၂-၂၀၁၀ အထိ နွေစပါး ၉၂၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းအား နှုတ်ဆက်၍ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်လေ့လာဖြစ်ခဲ့သည်။ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံသည် ၂၅ ခုတင်ဆံ့ ဆေးရုံဖြစ်သည်။ ယခင်က ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသာဖြစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်း ဖြစ်သည်။ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံကို ဒေသခံပြည်သူများ အထူးယုံကြည်ကိုးစားကြသည်ကို ဆေးရုံတက်ရောက်ကုသနေကြသော လူနာများက သက်သေခံလျက်ရှိပေသည်။

လက်ထောက်ဆရာဝန်များဖြစ်ကြသော ခေတ္တ မြို့နယ်ဆရာဝန်ဒေါက်တာမောင်မောင်ချစ်၊ဒေါက်တာသိန်းစိုးလင်းနှင့် ဒေါက်တာဒေါ်ညိုညိုခိုင်တို့ကဒေသ၌ အဖြစ်များသောရောဂါများ၊ လူနာများ ဆေးရုံတက်ရောက်ကုသမှု အခြေအနေနှင့် ပြင်ပလူနာဌာန ဖွင့်လှစ်ထားမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

အင်းတော်မြို့နယ်အတွင်း ငှက်ဖျားရောဂါအဖြစ်များပြီး ဒေသခံများက ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက် မှုအပေါ် ယုံကြည်အားထားကြသည်။ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းနှင့် သံယာဆောင်တို့ကို သီးသန့်ထားရှိသည်။ သူနာပြုဆရာမများမှာ ဆေးရုံအတွင်း မအားလပ်အောင် ရှိနေကြသည်ကို တွေ့ရသည်။

အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင် ဒေသခံ စာပေဝါသနာရှင်များ စာပေဖတ်ရှုလေ့လာနေကြစဉ်။

အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်းသည် သက်တမ်းနှစ်ပေါင်း ၆၀ ကျော်သော်လည်း အဆောက်အအုံများမှာ ခိုင်ခံ့ကောင်းမွန်ဆဲ ဖြစ်သည်။ ကျောင်းဝင်းကြီးမှာ ကျယ်ဝန်းပြီး နှစ်ထပ်ကျောင်းဆောင်များဖြစ်၍ လေဝင်လေထွက်ကောင်းသည်။ ကျောင်းအလယ်ကွက်လပ်၌ ဘောလုံးကွင်းရှိပြီး စားသုံးသီးပင်များကိုလည်း စိုက်ပျိုးထားသည်။ ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ်နေမှုကိုလည်း တွေ့ရသည်။

ကျောင်းအုပ်ကြီး ဦးဌေးဝင်းက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စာမလိုက်နိုင်သော ကျောင်းသားများအား သီးသန့်အချိန်ပိုသင်ကြားခြင်း၊ ကြိုးစားမှုနည်းသော

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

ကျောင်းသားများ၏ မိဘများအား ခေါ်ယူတွေ့ဆုံ ဆွေးနွေးခြင်း၊ စာတော်သော ကျောင်းသားများအား စနေနေ့တိုင်း စာဖတ်ဝိုင်းဖွဲ့၍ လေ့ကျင့်ပြန်ဆိုစေခြင်း၊ အကြိုစာမေးပွဲ (Pre-Test) သုံးကြိမ်ပြုလုပ်၍ လေ့ကျင့်ဖြေဆိုစေခြင်း၊ ငါးနှစ်စာ မေးခွန်းဟောင်းများကို လေ့ကျင့်ဖြေဆိုစေခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း မျှော်မှန်းအောင်ချက်ရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်းအနီးရှိ စားသောက်ဆိုင်တွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးကျော်သီဟနှင့်အတူ နေ့လယ်စာ စားကြပြီး ကသာမြို့သို့ မပြန်ခင် အင်းတော်ဘူတာ၊ အင်းတော်မြို့ စည်ပင်သာယာဈေးနှင့် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့သို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ အင်းတော်ဘူတာအနီး ရထားလမ်းဘေးတွင် နေကြာစိုက်ခင်းများမှာ ဧကမများသော်လည်း အထူးအောင်မြင်လျက်ရှိသည်။ အင်းတော်မြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်တွင် စာငှားသူ၊ စာဖတ်သူများနှင့် အသက်ဝင်လျက်ရှိသည်။

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းနှင့် တံတား၊ ကျေးလက်လမ်းနှင့် တံတားများကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ မြို့ပြလမ်းအနေဖြင့် ကတ္တရာလမ်း ၁၉ လမ်း သုံးမိုင် ခုနစ်ဖာလုံ၊ ကျောက်ခင်းလမ်း ရှစ်လမ်း တစ်မိုင်လေးဖာလုံ၊ မြေသားလမ်း ရှစ်လမ်း တစ်မိုင် ခြောက်ဖာလုံ၊ မြို့ပြတံတားအနေဖြင့် ကွန်ကရစ်တံတား ၁၇ စင်း၊ အုတ်ခုံ သစ်သားတံတား ၁၃ စင်း၊ သစ်သားတံတား ၁၇ စင်း၊ ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း နှစ်လမ်း တစ်မိုင် သုံးဖာလုံ၊ ကျောက်ခင်းလမ်း ရှစ်လမ်း ၁၁ မိုင် နှစ်ဖာလုံ၊ မြေသားလမ်း ၁၆ လမ်း ၄၇ မိုင် သုံးဖာလုံ၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား သုံးစင်း၊ သစ်သားတံတား ၁၂ စင်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေစက်ရုံနှင့် ရေစုကန်တို့ တည်ဆောက်၍ ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန် တစ်ကန်၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေလှောင်ကန် တစ်ကန်နှင့်

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာခန်း၌ ကျောင်းသားလေးများ ကွန်ပျူတာဘာသာရပ် သင်ကြားနေမှုကို တွေ့ရစဉ်။

အများသုံးရေလှောင်ကန် ၄၅ ကန်တို့ဖြင့် မြို့ရေပေးရေးဆောင်ရွက်လျက်ရှိသည်။ အိမ်သွယ်ရေတိုင် ၂၈၀၊ ရေထိန်းဘား ရှစ်ခုရှိပြီး တစ်ရက်လျှင် ရေဂါလန် ၁၀၀၀၀၀ ပေးဝေလျက်ရှိကြောင်း အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက ရှင်းလင်းပြောကြားသည်။

အင်းတော်မြို့နယ်အတွင်း မဲဇာချောင်း၊ နမီးချောင်း၊ လေးတန်ချောင်း၊ နဘားကြီးချောင်း၊ စော်မော်ချောင်း၊ နားရခေါင်ချောင်း၊ ကျန်တောချောင်း၊ နန့်သဲရွှေငှက်ချောင်း၊ ဟေမွန်ချောင်း၊ နတ်မဟုတ်ကြီးချောင်း၊ ခွန်နန်းချောင်း၊ နန့်သဲချောင်း စသည့် ချောင်းငယ်လေးများ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

အင်းတော်မြို့နယ်၏ အဓိက ဆက်သွယ်ရေးလမ်းမှာ မန္တလေး-ရွှေဘို-မြစ်ကြီးနားကားလမ်းနှင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းတို့ဖြစ်ပြီး အင်းတော်မြို့နယ်အတွင်း ဖြတ်သန်းသွားကြသည်။ မြို့နယ်အတွင်း ဆက်သွယ်ရေးလမ်းများအဖြစ် အင်းတော်မှ မော်တိတ် ကိုးမိုင်၊ အင်းတော်မှ မဲဇာ ၁၀မိုင်၊ အင်းတော်မှ မော်လူး ၂၂ မိုင်၊ အင်းတော်မှ မန်လည် ရှစ်မိုင်တို့ ဖြစ်သည်။

အင်းတော်မြို့နယ်သည် ကားလမ်းများ မရှိခင်က သွားလာရေးလွန်စွာခက်ခဲသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် လမ်းများဖောက်လုပ်နိုင်ခဲ့၍ သွားလာရေး အဆင်ပြေ လွယ်ကူလာခြင်းဖြစ်သည်။ ယခင်က ကားလမ်းမပေါက်ခဲ့၍ ရေလမ်းကိုသာ အသုံးပြုခဲ့ကြရသော်လည်း ယခုအခါ ရေလမ်းကို အသုံး မပြုတော့သလောက်ဖြစ်သွားပြီး မိုးတွင်းကာလ၌ ဝါးဖောင်မျှောရန်အတွက်သာ အသုံးပြုကြတော့ကြောင်းသိရသည်။

စစ်ကိုင်းတိုင်းအတွင်းက အင်းတော်မြို့ကလေးသည် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ပြီး ပညာရေးလုပ်ငန်းတွင်လည်း နှစ်စဉ်လူရည်ချွန်၊ လူရည်မွန်များကို မွေးထုတ်ပေးလျက်ရှိ၍ တည်ငြိမ်အေးချမ်းသော မြို့ကလေးတစ်မြို့ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အင်းတော်ဘူတာအနီး ရထားလမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နေကြာပင်များကို တွေ့ရစဉ်။

MCC Training Institute (ရတနာပုံ)က သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇွန် ၁၀

ရတနာပုံမြို့သစ်၌ MCC Group က MCC Training Institute (ရတနာပုံ)ကို တည်ထောင်ဖွင့်လှစ်ပြီး နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ MCC Training Institute (ရတနာပုံ)ရှိ School of ICT မှ ကွန်ပျူတာသိပ္ပံဘွဲ့သင်တန်းများကိုလည်းကောင်း၊ School of Engineering မှ အင်ဂျင်နီယာဘွဲ့သင်တန်းများကိုလည်းကောင်း၊ မကြာမီတိုးချဲ့ဖွင့်လှစ်မည့် School of Business Management မှ စီးပွားရေးပညာဘွဲ့သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

MCC Training Institute (ရတနာပုံ)သည် သမားရိုးကျတက္ကသိုလ်များမှ ဘွဲ့သင်တန်းများ သင်ကြားသကဲ့သို့မဟုတ်ဘဲ Supply Chain ပုံစံမျိုးဖြင့် Academic, Skill, Work Experience, Language Proficiency တို့ကို တစ်ပြိုင်တည်းပေါင်းစပ်သင်ကြားပေးမည်ဖြစ်သည့်အတွက် Human Resource Development Supply Chain ပုံစံဟု တင်စားခေါ်ဆိုထားသည်။ အချိန်တိုအတွင်း ပြည်တွင်းမှာသာမက နိုင်ငံတကာတွင် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သော Global Employability ဖြစ်နိုင်မည့် အရည်အချင်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ရရှိနိုင်မည့် အစီအစဉ်ဖြစ်သည်။

MCC Training Institute (ရတနာပုံ)၏ School of ICT က သင်ကြားပေးမည့် အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် B.Sc (Business IT) ကွန်ပျူတာဘွဲ့သင်တန်းကို ၂၀၁၀ ခုနှစ် ဇွန် ၂၄ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့နေ ကျောင်းသား၊ ကျောင်းသူများ Day Student အဖြစ် တက်ရောက်နိုင်မည့် Yangon Campus ကို ဇွန် ၂၈ ရက်တွင်လည်းကောင်း ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို တောင်းယူဖြည့်စွက်ပြီး ကျောင်းဝင်ခွင့်လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက MCC (ရုံးချုပ်) အဆောင် (၃-၄)သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၅ ၇၅၈၊ ၂၄၅၇၆၂၊ ၂၄၉၀၅၂၊ ၂၄၆၆၃၄ နှင့် MCC(ရတနာပုံ) International Center(3) ရတနာပုံနည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း- ၀၂-၇၈၁၁၂၊ ၀၂-၇၈၁၁၄၊ ၀၉-၅၀၆၇၁၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဩစတြေးလျနိုင်ငံ ပတ်(ခ်)မြို့က အလှူရှင်များ စုပေါင်း၍ ငွေကျပ်သုံးသိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက်ပညာသင်စရိတ်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးအတွက် ပညာသင်စရိတ်ငွေကျပ် ၉၀၀၀၀ ကို ဒုတိယဦးစီးမှူး ဦးဆန်းထွန်းအား ပေးအပ်စဉ်။ (ကြေးမုံ)

ကျောင်းအပ်နှံရေးနေ့အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

နေပြည်တော် ဇွန် ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ပြီး အလှူရှင်များက ကျောင်းအတွက် အလှူငွေပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂ ရက် နံနက်ပိုင်းက သထုံမြို့နယ် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက စိုက်ပျိုးပြီးစီးမှုအခြေအနများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးသည် စပါးစုပေါင်းစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ရန်ကုန်-မြိတ် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် သိမ်ဆိပ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံနှင့် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဇီယော်-ကြာပန်းလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့ ရောက်ရှိပြီး ပင်မကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် တက္ကသိုလ်အဝင်လမ်း ပြီးစီးမှုအခြေအနေများ၊ တက္ကသိုလ်ဝန်းကျင် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TMW Enterprise Ltd. မှ SONY EXPO ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် TMW Enterprise Ltd. မှ Marketing Manager ဦးဇော်မိုးဦး ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

SONY EXPO' 2010 ပြပွဲ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၀

Sony Electronic ပစ္စည်းများကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိပေးနေသော TMW Enterprise Ltd. မှ SONY EXPO ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ Parkroyal Hotel ၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။

Sony Expo 2010 ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာအသီးသီးတွင် တွင်ကျယ်စွာ အသုံးပြုနေသော SONY ၏ 3D နည်းပညာများနှင့်တကွ အခြားထူးခြားဆန်းသစ်သော Monolithic Design၊ Eco friendly Function၊ Flow Function အစရှိသော ၂၀၁၀ နောက်ဆုံးပေါ် နည်းပညာများကို မြန်မာပြည်မှ SONY မိတ်ဆွေများအား မိတ်ဆက်ပြသပေးလိုသောကြောင့် ဖြစ်သည်။ Cybershot Camera များ၊ Handycam များတွင်လည်း SONY ၏ မူပိုင် နောက်ဆုံးပေါ် နည်းပညာများ၊ ထူးခြားဆန်းသစ်မှုများကို မျက်မြင်ကိုယ်တွေ့ လေ့လာဆန်းစစ်နိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်နိုင်မည့် အခွင့်အလမ်းများကိုလည်း စီစဉ်ပေးထားပြီး ဆေးရုံများ၊ ဆေးခန်းများတွင် အသုံးပြုနိုင်သော Medical Printer များ၊ လုပ်ငန်းသုံး Camera များ၊ ရုပ်ရှင်ရုံသုံး Projector အစရှိသည့် Professional Product များကိုလည်း SONY EXPO တွင် မြင်တွေ့စမ်းသပ်နိုင်သည်။

၂၀၁၀ ခုနှစ်တွင် SONY မှ တင်သွင်းဖြန့်ချိထားသော Car Audio များ၊ ဆက်စပ်ပစ္စည်းများသာမက Sony Ericsson Phone များ၊ Walkman များ၊ MP4၊ MP3 များ အစရှိသော SONY Electronics မျိုးစုံကို တစ်နေရာတည်းတွင် စုံစုံလင်လင် တွေ့မြင်စမ်းသပ်စေလိုသော ရည်ရွယ်ချက်၊ နိုင်ငံတကာတွင် အသုံးပြုနေသော နောက်ဆုံးပေါ် နည်းပညာများကို မြန်မာပြည်သူများ သိရှိအသုံးပြုစေလိုသော ရည်ရွယ်ချက်၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ အရသာကို Sony နည်းပညာများဖြင့် ပြည့်ပြည့်ဝဝ ခံစားစေလိုသော ရည်ရွယ်ချက်များဖြင့် SONY EXPO ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

SONY EXPO ပြသမည့် ခန်းမဆောင်ကြီးတွင် နောက်ဆုံးပေါ် VAIO Laptop များကိုလည်း IT Concept တစ်ခုအနေနှင့် အရောင်အသွေးစုံလင်စွာ ပြသထားသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ ယနေ့ခေတ်တွင် ကလေး၊ လူကြီးအားလုံး ပါဝင်ဆင်နွှဲ ကစားနေသော Sony ၏ PS2၊ PS3 အစရှိသော Blu-ray Disc Game Player များဖြင့်လည်း Game Section တွင် လက်တွေ့ ပျော်ရွှင်စွာကစားနိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရှိရသည်။ Mobile Section သို့ Car Audio ကဏ္ဍတွင်လည်း Sony Xplod 2010 Collection များကို ကား Audio စိတ်ဝင်စားသူ မိတ်ဆွေများအတွက် ခင်းကျင်းပြသပေးထားသည်။ ကြည်လင်ပြတ်သားပြီး အသံထွက်ကောင်းမွန်သော Car Audio များကို လက်တွေ့ခံစားနားဆင်နိုင်ရန် တပ်မတော်ခန်းမတွင်း၌ ကားတစ်စီးဖြင့် Demonstration ပြသထားသည်ကိုလည်း တွေ့မြင်နိုင်သည်။

SONY EXPO ပြပွဲအတွင်းတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများသာမက Sony Broadcasd and Professional ပစ္စည်းများကို ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်နိုင်ပြီး Professional ပစ္စည်းများတွင် HD Professional Camera နှင့် ဆက်စပ်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းသုံး Projector များ၊ Medical Equipment များ၊ Secruity ပစ္စည်းများအပြင် Broadcasting & Movie Industry သုံး HD Professional Camera များကိုလည်း ခင်းကျင်းပြသထားသည်။ ထိုပစ္စည်းများအနက် AVCHD Technology ကိုအခြေခံပြီး ထုတ်လုပ်ထားသော HD Video Camera Series များထဲမှ NHCAM HXR-NX 5 ကို မိတ်ဆက်ပြသပေးထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ Sony ၏ နာမည်ကျော် G Lensကို အသုံးပြုထားခြင်း၊ Optical Zoon 20X ရရှိသည့်အပြင် Menory Stick Pro Duo များ၊ SD Card များဖြင့်လည်း ရိုက်ကူးအသုံးပြုနိုင်သောကြောင့် နိုင်ငံတကာတွင် နှစ်ခြိုက်စွာအသုံးပြုနေသော Professional Camera လည်းဖြစ်ပြီး ကျစ်လျစ်ပေါ့ပါးကိုင်တွယ်ရလွယ်ကူသော Camera များကို ပြပွဲတွင်း၌ လက်တွေ့စမ်းသပ် ကြည့်ရှုလေ့လာနိုင်သည်။

TV, DVD, Camera အစရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းများသာမက စီးပွားရေးလုပ်ငန်းသုံး ပစ္စည်းများကိုပါ တီထွင်ထုတ်လုပ်နေသည့် SONY ၏ ၂၀၁၀ ခုနှစ် နောက်ဆုံးပေါ် Model များ၊ ဆန်းသစ်မှုနည်းပညာများကို မိဘပြည်သူများ တစ်နေရာတည်းတွင်လက်တွေ့ ကြည့်မြင်ခံစားနိုင်မည့် SONY EXPO ၂၀၁၀ ပြပွဲကြီးကို ဇွန် ၁၈ ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ ထိုပြပွဲရက်များအတွင်း အထူးလျှော့ဈေးများ၊ အထူးဝန်ဆောင်မှုများ၊ တရားဝင် အာမခံကတ်ပြားများဖြင့် ဝယ်ယူအားပေးလိုသူများကို အရောင်း Center ဖွင့်လှစ်ပေးထားမည့်အပြင် SONY အရောင်းပြခန်းများတည်ရှိရာ အမှတ် ၉၀(အေ၊ ဘီ) ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့ ဖုန်း-၀၁- ၅၄၆၀၀၂ မှ ၅၄၆၀၀၈၊ အမှတ် ၁၇၃/၁၇၅ ပန်ဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၅၉၊ ၂၅၀၅၉၇၊ အမှတ် ၂၀(ဘီ) ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၃၁၁၊ အမှတ် (၃၅၂) ၈၂ လမ်းနှင့် လမ်း ၃၀ ထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၅၈၁မှ ၇၂၅၈၄၊ အမှတ်(လ/၉၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၂၈၅၇ နှင့် အမှတ်(၁၅၁/၁၅၃) သီရိရတနာ အဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၉၆၆နှင့် ၄၂၀၇၉၁ တို့တွင်လည်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ငါးရှဉ့်အကြောင်း တစေ့တစောင်း(အပိုင်း၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ -ခဲလေသမျှသဲရေကျ (မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်၊ ဂွမ်းပုံ၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၁၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) တောင်အာဖရိကနှင့် မက္ကဆီကို
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

၁၂-၆-၂၀၁၀ ရက်နေ့ အစီအစဉ်

- ၁။ ၀၁း၀၀ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ဥရုဂွေးနှင့် ပြင်သစ်

ဆွေတစ်ရာ မောင်တစ်ကျိပ် ဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၀

ယခု သောကြာပတ် ဇွန် ၁၁ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်ရုံနှင့် မြို့ပတ် နဝဒေးရုံတို့တွင် အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမီးပွား ရိုက်ကူးသည့် ဆွေတစ်ရာမောင်တစ်ကျိပ် မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ အိမ်ထောင်ရေးပညာပေးဇာတ်လမ်းဖြစ်သော်လည်း ပရိသတ်မပျင်းရိစေရန် ဒါရိုက်တာက ဟာသရောစွက်ရိုက်ကူးထားခြင်းဖြစ်ရာ ပရိသတ်များ ပျော်ရွှင်စွာ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။ ဇာတ်လမ်းမှာ အိမ်ထောင်ဦးကာလတွင် နှစ်ဖက်အမျိုးများ၏ ပယောဂကြောင့် ဇနီးမောင်နှံ

ဆွေတစ်ရာ မောင်တစ်ကျိပ် ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

နှစ်ယောက်ကြား အခက်အခဲအမျိုးမျိုး ကြုံရပုံနှင့် နောက်ဆုံး ၎င်းအခက်အခဲများကို နည်းလမ်းရှာရင်ဆိုင်ကျော်လွှားခဲ့ရပုံကို ရိုက်ကူးထားသည့် ပညာပေးဇာတ်လမ်းလည်းဖြစ်ပေရာ အိမ်ထောင်ပြုရန် ရည်ရွယ်နေကြသည့် ချစ်သူစုံတွဲများ မလွတ်တမ်း ကြည့်သင့်ကြသည့် မြန်မာဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်နှင့် ခိုင်နှင်းဝေတို့ ခေါင်းဆောင်ပါဝင်ကြသည်။ အခြား မြန်မာဟာသဇာတ်ကားတစ်ကားဖြစ်သည့် နတ်ဖြစ်ရတဲ့ဒုက္ခ ဇာတ်ကားမှာမူ မြို့လယ် ဝဇီရာ၊ ဝဇီရာရုံ (၂) နှင့် မြရတနာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် သိပ္ပံဇာတ်လမ်းကောင်း နှစ်သက်သူများအတွက် သံမဏိစက်ရုပ်လူသားဇာတ်လမ်းဖြစ်သည့် IRON MAN 2 လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မင်္ဂလာရုံတွင် တိုင်းပြည်သစ္စာဖောက်အဖြစ် စွပ်စွဲခံရသော မိမိဖခင်အတွက် သားဖြစ်သူက ကလဲ့စားချေပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော VILU အိန္ဒိယ ဇာတ်ကြမ်းကားပြသမည်ဖြစ်ပြီး ရှေ့ဆောင်ရုံတွင် ဟီရိုသစ်ရိုရှမ်နှင့် ဘာဘရာမိုရီတို့ ပါဝင်သည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယ အက်ရှင်ဇာတ်ကားဖြစ်သည့် KITES ပြသမည် ဖြစ်သည်။ မြို့လယ် ဘုရင်ရုံတွင်မူ ဟီရိုသစ်ရိုရှမ်နှင့် ကရီနာကပူးတို့ ခေါင်းဆောင်ပါဝင်သည့် MAIN PREMKI DIWANI HOON အိန္ဒိယမေတ္တာဘွဲ့ဇာတ်ကား ပြသမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇွန်လအတွက်

(၁၃-၆-၂၀၁၀) ရက်နေ့

နှင့်

(၂၇-၆-၂၀၁၀) ရက်နေ့

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

✪ တောင်အာဖရိကမှ

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရခြင်း မရှိတာကြောင့် သူ့ရဲ့ခြေစွမ်းက ခန့်မှန်းရခက်ပါတယ်။ တောင်အာဖရိကအသင်းမှာ ကမ္ဘာကျော်ကစားသမားတွေ မရှိပေမယ့် မိုကိုနာ၊ ဒီဂါစီယို၊ ပီနား၊ ပါကား၊ ဆီဘာရာနဲ့ မပ်ဟီလာတို့လို ကစားအားကောင်းတဲ့ ကစားသမားတွေ ရှိနေပါတယ်။ ကွန်ကာကပ်ဖ်ဇုန်ကို ကိုယ်စားပြုတက်လာတဲ့ မက္ကဆီကိုမှာတော့ မားကွက်ဇ်၊ ရိုဒရီဂွက်ဇ်၊ ဒေါ့စ်ဆန်းတို့စ်၊ တိုရာဒို၊ ဘာတစ္စတာ၊



အိမ်ရှင် တောင်အာဖရိက အသင်း၏ အသင်းခေါင်းဆောင် မိုကိုနာ။

ပြင် သစ် အ သင်း ၏ တိုက် စစ် ကို ဦး ဆောင် လာ မည့် အနယ်လ်ကာ။

ဘလန်ကို၊ ဖရန်ကိုနဲ့ ဟာနန်ဒက်ဇ်တို့လို အဆင့်အတန်းမီကစားသမားတွေ ရှိနေပါတယ်။ ဒါပေမယ့် မက္ကဆီကိုဟာ ကွင်းလယ်ကစားကွက်သာကောင်းပြီး တိုက်စစ်အားနည်းလှတာကြောင့် အိမ်ရှင်အရိပ်ကိုခိုလှုံပြီး ခပ်ကြမ်းကြမ်း ခပ်မာမာ တုံ့ပြန်လာမယ့် တောင်အာဖရိကကို သရေထက် ပိုကစားနိုင်မယ်တော့ မထင်ပါဘူး။ သရေကျဖို့ ရာနှုန်းများတဲ့ ပွဲပါ။

ဥရုဂွေး - ပြင်သစ်
၁၂-၆-၂၀၁၀ (စနေနေ့)
နံနက် ၁ နာရီ

ဥရုဂွေးဟာ ခြေစစ်ပွဲမှာ ရုန်းကန်ခဲ့ရသလို နာမည်ကြီးကစားသမားတွေ ပါဝင်နေတဲ့ ပြင်သစ်ဟာလည်း Play-off ကစားပြီးမှ ခြေစစ်ပွဲအောင်ခဲ့တာပါ။ ဒီနှစ်သင်းရဲ့ ကစားသမားအင်အားကို ကြည့်ရင် ကလစ်ချီ၊ အီဗရာ၊ ဂါးလစ်၊ ဆဂ္ဂနာ၊ ဂေါ်ကပ်ဖ်၊ မာလူဒါ၊ ရီဘာရီ၊ တူလာလန်၊ ဆစ်စီ၊ အနယ်လ်ကာ၊ ဂိုဗူးနဲ့ ဟင်နရီတို့လို ကမ္ဘာ့အဆင့်အတန်းမီ ကစားသမားတွေရှိနေတဲ့ ပြင်သစ်ဟာ ဂိုဒင်၊ လူဂါနို၊ စကော့တီ၊ ဖာနန်ဒက်ဇ်၊ ဂရာဂါနို၊ ဂွန်ဇာလက်ဇ်၊ ပီရီယာ၊ ပီရက်ဇ်၊ ဆူရာရက်ဇ်နဲ့ ဒီယေဂိုဖော်လန် တို့ပါဝင်နေတဲ့ ဥရုဂွေးထက် သာမှာ သာတယ်လို့ ဆိုရမှာပါ။

ပြင်သစ်နည်းပြ ဒိုမီနစ်ချ်ဟာ ခြေစစ်ပွဲက အားနည်းချက်တွေကို အချိန်မီပြန်ပြင်နိုင်မယ်ဆိုရင် သာမန်ခြေစွမ်းထက်မပိုတဲ့ ဥရုဂွေးကို အနိုင်ယူနိုင်မှာပါ။ ဒီပွဲမှာ ပြင်သစ်အသင်း အနိုင်သုံးမှတ်ရယူသွားဖို့ ရှိနေပါတယ်။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဇွန် ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့နှင့် လှိုင်လင်မြို့တို့တွင် ၂ ဒသမ ၁၆ လက်မစီ၊ ဇလွန်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ညောင်လေးပင်မြို့တွင် ၁ ဒသမ ၅၇လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၁ ရက် ညနေထိခန့်မှန်းချက်။ ။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၂၉ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၈၄ ဒီဂရီဖာရင်ဟိုက်	၉-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၁၀-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၁၀၀ ရာခိုင်နှုန်း	၁၀-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၉-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၀-၆-၂၀၁၀	၃၀မမ(၁. ၁၉)လက်မ	၂၉မမ(၁. ၁၄)လက်မ	၂၈မမ(၁. ၁၀)လက်မ
၁-၁-၂၀၁၀ မှ ယနေ့အထိ	၄၈၃မမ(၁၉. ၀၂)လက်မ	၄၈၇မမ(၁၉. ၁၇)လက်မ	၄၈၁မမ(၁၈. ၉၄) လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၆-၂၀၁၀ရက် ၄း၃၀နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

ဒလမြို့နယ် မြို့မ (၁)ရပ်ကွက် ကမ်းနားပတ်လမ်းရှိ ကမာအောင်စက်တပ်ရေယာဉ် ကြီးကြပ်ရေးအဖွဲ့ သက်သာချောင်ချိရေးကော်မတီမှ ရေယာဉ်မောင်းလုပ်သားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ စရိတ်ပေးအပ်ပွဲနှင့် တူညီဝတ်စုံပေးအပ်ပွဲကို ဇွန် ၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး အမှာစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(မြို့နယ်စာပေ/စာနယ်ဇင်း)

မြင်းမူမြို့ သန့်ရှင်းရေးနှင့် မီးဘေးကာကွယ်ရေး စုပေါင်းဆောင်ရွက်

မြင်းမူ ဇွန် ၁၀

မြင်းမူမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့တွင်းသန့်ရှင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် အမှတ်(၄)နယ်မြေ ဂန္ဓမာလမ်းနှင့် ဘုရားလမ်းဆုံရှိ အမှိုက်ကန်အား စုပေါင်းရှင်းလင်းဆောင်ရွက်ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရန်အောင်၊ မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

စစ်ကိုင်းတိုင်းအတွင်းက အင်းတော်မြို့

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး
အဆင်အပြင် - ဖြိုးစန္ဒာမြင့်

“အင်းတော်” ဟု ဆိုလျှင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အတွင်းက“အင်းတော်ကြီးကန်”ကိုသာ မြင်မိကြမည်သာဖြစ်ပါသည်။ **အင်းတော်မြို့သည် စစ်ကိုင်းတိုင်း ကသာခရိုင်အတွင်း တည်ရှိသည်ဟု သိရှိသူ နည်းပေလိမ့်မည်။ မန္တလေး-မြစ်ကြီးနား ရထားလမ်းပေါ်၌ အင်းတော်ဘူတာရှိသော်လည်း နဘားဘူတာလောက် လူသိမများလှချေ။**

မန္တလေးမှ မြစ်ကြီးနားသို့ပဲ ဆန်ဆန်၊ မြစ်ကြီးနားမှ မန္တလေးသို့ပဲ စုန်စုန် အင်းတော်ဘူတာကို ညဘက်တွင် ဖြတ်သန်းရသည်ဖြစ်ရာ အင်းတော်၌ဆင်းမည့်ခရီးသည်ကလွဲလျှင် ကျန်ခရီးသည်များ အင်းတော်ဘူတာကို ကောင်းကောင်းသတိထားမိလိုက်ကြမည်မထင်ပါ။

အင်းတော်မြို့နယ်အတွင်း ပါဝင်သော နဘားကျေးရွာသည် နဘား-ကသာ ရထားလမ်းခွဲရှိ၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

အင်းတော်မြို့ မြို့အဝင် ဆိုင်းဘုတ်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၆-၂၀၁၀)

စစ်တွေနှင့် လှိုင်လင်
၂ ဒသမ ၁၆ လက်မစီ

ဇလွန်
၂ ဒသမ ၁၃ လက်မ

ရွှေကျင်
၁ ဒသမ ၆၉ လက်မ

ညောင်လေးပင်
၁ ဒသမ ၅၇ လက်မ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်၌ မက္ကဆီကိုနှင့်ယှဉ်ပြိုင်မည့် အိမ်ရှင် တောင်အာဖရိကလက်ရွေးစင်အသင်း။

တောင်အာဖရိကနှင့် မက္ကဆီကို၊ ဥရုဂွေးနှင့် ပြင်သစ်တို့ ယှဉ်ပြိုင်ကြမည့် ၂၀၁၀ ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်များ

ဝင်းတင်(ကြေးမုံ)

တောင်အာဖရိကနိုင်ငံမှာကျင်းပမယ့် ၂၀၁၀ ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်များကို ဇွန် ၁၁ ရက်(ယနေ့)ညမှာ စတင်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီအဖွင့်ပွဲစဉ်တွေမှာ အိမ်ရှင် တောင်အာဖရိကနဲ့ နာမည်ကြီး ပြင်သစ်တို့ ပွဲဦးထွက် မျက်နှာပန်းလှနိုင်မလားဆိုတာ ရင်ခုန်စွာနဲ့ စောင့်ကြည့်ကြရတော့မှာပါ။

တောင်အာဖရိက - မက္ကဆီကို
၁၁-၆-၂၀၁၀ (သောကြာနေ့)
ည ၈း၃၀ နာရီ

အုပ်စု (A) ရဲ့ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင် တောင်အာဖရိကနဲ့ မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားကြရမှာ ဖြစ်ပါတယ်။ အယ်လ်ဘာတိုပါရဲယား ကိုင်တွယ်နေတဲ့ အိမ်ရှင် တောင်အာဖရိကအသင်းဟာ ခြေစစ်ပွဲ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**